# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

May 29 , 2023 | Volume 66, Number 19


၂၉.၅.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၄၇ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၉၄၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၀.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၂.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၉၂.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၃.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၆.၇၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၁၅ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၆၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၆.၀၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၄၁၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## နယ်စပ်ကုန်သွယ်မှုမှတဆင့် မြန်မာ့ထောပတ်သီးတန်ချိန် (၁၀၀၀) ကျော် ထိုင်းသို့တင်ပို့ထား



Popular News Journal

ပြည်ပဈေးကွက် တစ်ခုဖြစ်သည့် ထိုင်းနိုင်ငံသို့ မြန်မာ့ထောပတ်သီးများကို နယ်စပ်ကုန်သွယ်မှုမှတဆင့် တင်ပို့လျက်ရှိရာ လက်ရှိတွင် တန်ချိန် (၁၀၀၀) ကျော် တင်ပို့ထားနိုင်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းမှ သိရသည်။

ပြည်ပဈေးကွက်သို့ မြန်မာ့ထောပတ်သီး တင်ပို့မှုတွင် နယ်စပ်ကုန်သွယ်မှုအပြင် ပင်လယ်ရေကြောင်းဖြစ်သည့် တရားဝင်ဆိပ်ကမ်းများမှ တင်ပို့လျက်ရှိပြီး ယခုနှစ်တွင် လမ်းကြောင်းသစ်အနေဖြင့် မလေးရှားနိုင်ငံသို့ လေကြောင်းမှတဆင့် တန်ချိန် (၅၀) စမ်းသပ်တင်ပို့ထားကြောင်းလည်း သိရသည်။

လာမည့်နှစ်များတွင် မြန်မာ့ထောပတ်သီးကို တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ရန် လျာထားပြီး လာမည့်ထောပတ်သီးရာသီချိန်တွင် တန်ချိန် (၅၀၀၀)အထိ ပမာဏ ထပ်တိုးထွက်လာမည်ဟု မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

ပြီးခဲ့သည့် ၂၀၂၂ – ၂၀၂၃ ခုနှစ်တွင် မြန်မာ့ထောပတ်သီး အထွက်နှုန်းသည် တန်ချိန် (၃၀၀၀) ပမာဏ ထွက်ရှိထားကြောင်း အဆိုပါအသင်းမှသိရသည်။ မြန်မာ့ထောပတ်သီးများကို ထိုင်းနိုင်ငံအပြင် တရုတ်နိုင်ငံသို့ပါ G to G စနစ်ဖြင့် တရားဝင်တင်ပို့နိုင်ရန် ဆွေးနွေးညှိနှိုင်းမှုများရှိနေကြောင်းလည်း သိရသည်။

**Source: Popular News Journal**

## ပြည်တွင်းသုံး ကုလားပဲအုပ်စု လက်ကျန်နည်းလာတာကြောင့် အမြင့်ဈေးတန်းဖြစ်လာ

ပြည်တွင်းသုံး ကုလားပဲအုပ်စု လက်ကျန်နည်းလာတာကြောင့် အမြင့်ဈေးတန်းဖြစ်လာကြောင်း ပဲနှမ်းကုန်သည်များထံက သိရသည်။

ပို့ကုန်မတ်ပဲနှင့် ပဲစင်းငုံမှာ ဈေးဆက်လက်မြင့်တက်နိုင်ခြင်း မရှိသော်လည်း ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ မေလဆန်းပိုင်းထက် ဈေးမြင့်တက်လာရာ ကုလားပဲ

V2 တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀ နီးပါးထိ ဈေးမြင့်တက်လာကြောင်း ပို့ကုန်မတ်ပဲဈေးမှာ အနည်းငယ်ပြန်လည်အေးသွားပြီး တစ်အိတ်လျှင် ငွေကျပ်၂၂၀၀၀၀ ခန့်ဖြင့် ဈေးတည်ငြိမ်နေသည်။ မိုခါမုန်တိုင်းကြောင့် နှမ်းစိုက်ခင်းအချို့ ပျက်စီးမှုရှိတာကြောင့် နှမ်းမျိုးစုံဈေးကွက် ပြန်လည်မြင့်တက်လာရာ နှမ်းသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ အထက် ပြန်လည်ရောက်ရှိလာကြောင်း မြေပဲအနီလုံးဆန်မှာ တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀၊ ၈၅၀၀ခန့်ဖြင့် ဈေးတည်ငြိမ်နေကြောင်း ဦးကျော်သွင်(ရွှေစင်သိန်း)ပွဲရုံက ပြောသည်။


"ပို့ကုန်ပဲများအပါအဝင် ပဲမျိုးစုံဈေးကွက် အမြင့်ဆုံးဈေးတန်းနဲ့ တည်ငြိမ်နေပါတယ်၊ ပြည်တွင်းသုံးကုလားပဲ V2 ကုလားပဲ တစ်အိတ် ငွေကျပ် ၂၃၈၀၀၀၊ 929 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၃၈၀၀၀၊ ထိုင်ဝမ် ကုလားပဲ ငွေကျပ် ၂၃၄၀၀၀ အသီးသီးပေါက်ဈေးရှိသော်လည်း အဝယ်သာရှိပါတယ်။ အရောင်းသမားတွေက ထိန်းပြီးရောင်းနေတယ်။ လက်ရှိကုလားပဲ ဈေးတန်းမှာ အတက် ၁၀၀၀၊ အကျ ၁၀၀၀ လောက်နဲ့ပဲ ဆက်သွားမှာပါ။ ပို့ကုန်ပဲတွေမှာ မတ်ပဲဈေးကတော့ ဈေးအနည်းငယ် ပြန်အေးနေပါတယ်၊ မတ်ပဲပြည်တွင်း အဝယ်သမားက တစ်အိတ် ငွေကျပ် ၂၂၀၀၀၀ လောက်သာ ဝယ်ယူလိုပါတယ်။ ဈေးကွက်ကျဆင်းနေတဲ့ နှမ်းမျိုးစုံဈေးကွက် ပြန်လည်ကောင်းမွန်လာပါတယ်၊ နှမ်းနက်တစ်အိတ် ငွေကျပ်သုံးသိန်းအထက် ပြန်ရောက်လာပါတယ်။ မိုခါမုန်တိုင်းကြောင့် နှမ်းစိုက်ခင်းအချို့ ပျက်စီးမှုရှိပြီး ပြန်လည်စိုက်ပျိုးရတာကြောင့် ယခုလို ဈေးတက်လာခြင်းဖြစ်ပါတယ်။ ပြည်တွင်းသုံး ပဲမာလိုင်းတွေကတော့ ဈေးငြိမ်နေပါတယ်။ မြေပဲဆန်များ အဝင်များပေမယ့် ဈေးကွက်အတွင်း အရောင်းအဝယ် ခပ်သွက်သွက်ဖြစ်နေပါတယ်။ အနီလုံးဆန် တစ်ပိဿာ ငွေကျပ် ၈၀၀၀-၈၅၀၀ လောက် ပေါက်ဈေးရှိပါတယ်။ ပို့ကုန်ပဲတွေအနေနဲ့ ပြည်တွင်းလက်ကျန် နည်းလာတော့ အရောင်းသမားတွေက ထိန်းရောင်းနေပါတယ်" ဟု ၎င်းကပြောသည်။

မေ ၂၅ ရက်တွင် ပို့ကုန်မတ်ပဲ ၆၀ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀၊ ပဲစင်းငုံ ၆၀ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၂၅၂၀၀၀၊ ပဲတီစိမ်းအညာ ၅၆ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၁၉၂၀၀၀ ပေါက်ဈေးသာရှိပြီး ပို့ကုန်မတ်ပဲနှင့် ပဲစင်းငုံမှာ တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ ဝန်းကျင် ဆက်လက်ဈေးမြင့်တက်လာကြောင်း မန္တလေးကုန်စည်ဒိုင် ပေါက်ဈေးများအရ သိရသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများ ဈေးအေးသွားသော်လည်း ကုလားပဲအုပ်စုမှာ ဈေးမြင့်တက်လာရာ မေ ၂၅ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၃၈၀၀၀၊ V7 တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀၊ ထိုင်ဝမ်ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၂၄၀၀၀၊ 929 ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၃၇၀၀၀ ပေါက်ဈေး၊ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၇၃၀၀၀၊ ပဲထောပတ်တစ်အိတ် ငွေကျပ် ၂၇၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀-၃၀၀၀၀၀၊ မြေပဲအနီလုံးဆန် တစ်ပိဿာ ငွေကျပ် ၈၀၀၀-၈၂၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ၂၂.၅.၂၀၂၃ မှ ၂၆.၅.၂၀၂၃ရက်နေ့ထိ ဈေးကွက်သုံးသပ်ချက်




**ဆန်စပါး**

ဒီတစ်ပတ် ရန်ကုန်ဈေးကွက်မှာတော့ ဆက်တိုက်ဈေးမြင့်တက်နေခဲ့တဲ့ ဆန်အမျိုးအစား ဈေးတွေကငြိမ်သွားပါ တယ်။ နယ်ဈေးကွက်မှာတော့ ဈေးကွက်ထဲ နွေစပါးတွေဝင်နေပေမယ့် စပါးဈေးကငြိမ်သွားပြီး ဆန်ဈေးတွေ အနည်းငယ် ထပ်ပြီးတက်လာပါတယ်။ အရောင်းအဝယ်တွေလည်းအေးသွားပြီး ဆန်အဝင်လည်း ပုံမှန်ရှိနေတယ် လို့ သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ မြောင်းမြပေါ်ဆန်းဆန်က တစ်အိတ်ကို ၈၅၀၀၀ ကနေ ၉၃၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ် ကို ၃၀၀၀ ကျပ် ဈေးတက်လာပါတယ်။ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန်ကတော့ တစ်အိတ်ကို ၆၀၀၀၀ ကနေ ၆၂၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀ ကျပ် ဈေးတက်လာပါတယ်။ အခြားဆန်တွေကတော့ ပြီးခဲ့တဲ့အပတ်က ဈေးအတိုင်း ငြိမ်နေပါတယ်။

ရောဝတီတိုင်းဈေးကွက်မှာတော့ ပုသိမ်ပေါ်ဆန်းစပါးက တင်း ၁၀၀ ကို ၂၀၇၆၀၀၀ ပေါက်ဈေးရှိပြီး တင်း ၁၀၀ ကို ၆၁၀၀၀ ကျပ် ဈေးတက်လာပြီး၊ ဆန်က တစ်အိတ်ကို ၈၈၀၀၀ ပေါက်ဈေးရှိပြီး ဈေးငြိမ်ပါတယ်။ ပုသိမ်ဧည့်မထစပါးကတော့ တင်း ၁၀၀ ကို ၁၆၅၆၀၀၀ ပေါက်ဈေးရှိပြီး ၁၉၀၀၀၀ ကျပ် ဈေးတက်လာကာ၊ ဧည့်မထဆန်ကတော့ တစ်အိတ်ကို ၆၆၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၃၀၀၀ ကျပ် ဈေးတက်လာပါတယ်။

အခြား မြေခင်းမြ၊ ဒေးဒရဲ၊ ဖျာပုံ၊ လပွတ္တာ ပေါ်ဆန်းစပါးတို့ကတော့ ပြီးခဲ့တဲ့အပတ်က ဈေးအတိုင်းငြိမ်နေပြီး ဆန်ဈေးကတော့ တစ်အိတ်ကို အနိမ့်ဆုံးဈေး ၁၀၀၀ ကနေ ၃၀၀၀ ကြား ဈေးမြင့်တက်လာပါတယ်။ ဈေးကွက်ထဲ အဟောင်းလက်ကျန်တွေ မရှိတော့ပေမယ့် ဈေးတွေက မြင့်တက်နေခဲ့ပါတယ်။ အသစ်စပါးတွေ ကတော့ အဝင်ရှိသလောက် အဝယ်ရှိနေတယ်လို့ နယ်ဆန်စပါးရောင်းဝယ်တဲ့ကုန်သည်တွေက ဆိုပါတယ်။

**မတ်ပဲ**

မတ်ပဲကတော့ ဒီတစ်ပတ်မှာ အနည်းငယ်အပြောင်းအလဲရှိပါတယ်။ ဆက်တိုက်ဈေးမြင့်တက်နေခဲ့ရာမှ ဒေါ်လာဈေး အနည်းငယ်ကျဆင်းသွားတဲ့အပြင် အိန္ဒိယနိုင်ငံအတွက် မတ်ပဲဈေးကျဆင်းသွားတဲ့အတွက် ပြည်တွင်းမတ်ပဲဈေးတွေ ပြန်ကျဆင်းသွားခဲ့ပါတယ်။ ဒါပေမယ့် ၂ ရက်အတွင်း ဈေးပြန်မြင့်တက်လာခဲ့ပြီး မတ်ပဲက ဆက်ပြီးတက်နိုင်ဦးမယ်လို့ အိန္ဒိယ ပဲဈေးကွက်သတင်းမှာ ဖော်ပြထားပါတယ်။

အိန္ဒိယအစိုးရကတော့ မတ်ပဲဈေး မြင့်တက်တာတွေနဲ့ပတ်သတ်ပြီး အရေးယူတာတွေ မြန်မာအစိုးရနဲ့ G to G ဝယ်ယူနိုင်ဖို့ ဆောင်ရွက်တာတွေ စသဖြင့် ဘက်ပေါင်းစုံက ဆောင်ရွက်နေပေမယ့် ပဲဈေးက မကျဆင်းနိုင်တဲ့အတွက် ဘရာဇီးနိုင်ငံက မတ်ပဲတွေကို တင်သွင်းဖို့ ဆွေးနွေးညှိနှိုင်းတာတွေ လုပ်နေတယ်လို့ အိန္ဒိယအစိုးရက တာဝန်ရှိသူတစ်ဦးက ပြီးခဲ့တဲ့ရက်ပိုင်းက ထုတ်ဖော်ပြောဆိုထားကြောင်း Current Content က ဖော်ပြထားတဲ့ ဘာသာပြန်သတင်းတစ်ပုဒ်ကနေ သိရပါတယ်။

မြန်မာ့မတ်ပဲတွေကို လာမယ့် ၂၀၂၅ ထိ တင်သွင်းခွင့်ရဦးမှာဖြစ်ပြီး အဆိုပါ ပြောဆိုချက်တွေဟာ အဆမတန် မြင့်တက်နေတဲ့ မတ်ပဲဈေးကို ထိန်းချုပ်နိုင်မလားဆိုတာ စောင့်ကြည့်ရမယ့် အခြေအနေဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နှစ်တွေမှာ အိန္ဒိယ အစိုးရဟာ မတ်ပဲတင်ပို့ရောင်းချတာတွေနဲ့ ပတ်သတ်ပြီး အမျိုးမျိုးသော မူဝါဒတွေ ထုတ်ပြန် ပြီး ဈေးတွေကို ထိန်းချုပ်တာတွေ ပြုလုပ်ခဲ့ပေမယ့် မြန်မာပြည်တွင်းမှာ မတ်ပဲအထွက်နှုန်း လျော့နည်းတာတွေ သွင်းအားစုမြင့်တက်တာတွေ၊ ပြည်တွင်းငွေ လဲလှယ်နှုန်း မြင့်တက်လာတာတွေ၊ အိန္ဒိယနိုင်ငံတွင်း မတ်ပဲလိုအပ်ချက် မြင့်မားလာတာတွေကြောင့် ဈေးကလက်ရှိမှာ အမြင့်ဆုံးအခြေအနေထိရောက်ရှိနေခဲ့တာ ဖြစ်ပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲက တစ်တန်ကို ၂၂၆၀၀၀၀ ကျော် ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၁၅၀၀၀ နီးပါး ဈေးကျဆင်းသွားပါတယ်။ FOB ဈေးနှုန်းကတော့ အမေရိကန်ဒေါ်လာ ၉၂၀ ကနေ ၉၄၀ ပေါက်ဈေး ရှိနေပြီး ဈေးငြိမ်ပါတယ်။

မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၂၁၈၀၀၀ ကနေ ၂၂၀၀၀၀ ပေါက်ဈေးရှိပြီး ဈေးငြိမ်ပါတယ်။ အခြား နယ်ကုန်စည်ဒိုင်တွေ ဖြစ်တဲ့ အောင်လံကုန်စည်ဒိုင်၊ မုံရွာ၊ ပြည်တို့မှာလည်း တစ်တင်းကို ၇၁၀၀၀ ကနေ ၇၄၀၀၀ ကြား ပေါက်ဈေးရှိနေပြီး အတက်ဈေးနဲ့ပဲ ဈေးငြိမ်နေပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ဆက်တိုက်ဈေးမြင့်တက်နေခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ အနည်းငယ်ဈေးပြန်အေးသွားပါတယ်။ ပြည်တွင်းငွေလဲလှယ်နှုန်းဈေးအတက်အကျကြောင့် ဈေးအပြောင်းအလဲဖြစ်သွားခဲ့ပေမယ့် FOBဈေးနှုန်းကတော့ ဈေးမြင့်တက် နေပါတယ်။ အိန္ဒိယပဲသတင်းတွေမှာလည်း ပဲစင်းငုံနီဟာ ဆက်ပြီးတက်နိုင်မယ်လို့ သုံးသပ်ထားသလို ပြည်တွင်း ပဲကုန်သည်တွေကလည်း ပဲလက်ကျန်လျော့နည်းနေတဲ့ ပဲစင်းငုံနီဟာ လက်ရှိမှာ ဈေးကျဆင်းနိုင်ဖို့မရှိဘူးလို့ ခန့်မှန်းထားကြ ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ၂၆၇၅၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၅၀၀၀ လောက်သာ အတက်ရှိပါတယ်။ FOB ဈေးကတော့ တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၀၄၀ ကနေ ၁၀၈၀ ပေါက်ဈေးရှိပြီး တစ်တန်ကို ဒေါ်လာ ၄၀လောက် ဈေးမြင့်တက်လာခဲ့ပါတယ်။

မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၂၅၂၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၇၀၀၀ ကျပ် ဈေးတက်လာပါတယ်။ အခြား နယ်ကုန်စည်ဒိုင်တွေဖြစ်တဲ့ ပခုက္ကူဈေးကွက်၊ အောင်လံဈေးကွက်၊ မုံရွာဈေးကွက်နဲ့ ပြည်ဈေးကွက်တို့မှာ ပဲစင်းငုံနီ တစ်တင်းကို ၈၄၀၀၀ ကနေ ၈၄၅၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်တင်းကို ၂၅၀၀ ကျပ် ဈေးတက်လာပါတယ်။

စားတော်ပဲ

စားတော်ပဲကတော့ လက်ရှိမှာ စံချိန်တင်မြင့်တက်နေပြီး အမြင့်ဆုံးဈေး ရောက်ရှိနေပါတယ်။ ပြည်တွင်းစားသုံးမှု များတဲ့ ပဲလည်းဖြစ်ပြီး စိုက်ဧကလည်း အများအပြားမရှိတဲ့အတွက် ဈေးကပိုကောင်းရရှိနေတာ ဖြစ်ပါတယ်။ ပြည်ပကနေ တင်သွင်းတဲ့ စားတော်ပဲ (ကနေဒါ)တွေကတော့ ဈေးသက်သာပေမယ့် ပြည်တွင်းစားတော်ပဲက အရည်အသွေးပိုကောင်းတာဖြစ်လို့ စားသုံးမှုလည်း များတယ်လို့သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ စားတော်ပဲ တစ်ပိဿာကို ၆၆၆၅ ကနေ ၇၁၇၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၅၀၀ ကျပ်ဈေး တက်လာပါတယ်။


မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၁၇၈၀၀၀ ကနေ ၄၀၀၀၀၀ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၃၀၀၀၀ ကျပ် ဈေးမြင့်တက်လာပါတယ်။

ပြည်ဈေးကွက်မှာလည်း တစ်တင်းကို ၁၁၅၀၀၀ ကနေ ၁၁၈၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၃၀၀၀ ကျပ်ဈေး တက်လာပါတယ်။

**AMIA**

https://t.me/htwettoe

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီမှဒီဇင်ဘာလကုန်အထိ ကိုးလအတွင်း အခွန်အရပ်ရပ်ကောက်ခံရရှိငွေ ကျပ် ၅၃၀၁ ဘီလျံကျော်ရှိ



https://news-eleven.com/article/248873

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီမှဒီဇင်ဘာလကုန်အထိ ကိုးလအတွင်း အခွန်အရပ်ရပ် ကောက်ခံရရှိငွေ ကျပ် ၅၃၀၁ ဘီလျံကျော်ရှိကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမသုံးလပတ်ဖြစ်သည့် ဧပြီမှ ဇွန်လအထိ အခွန်အရပ်ရပ် ကောက်ခံရရှိငွေ ကျပ် ၁၆၇၃၇၄၉ ဒသမ ၅၁ သန်း (၁၆၇၃ ဘီလျံကျော်)၊ ဒုတိယသုံးလပတ်ဖြစ်သည့် ဇူလိုင်မှ စက်တင်ဘာလအထိ အခွန်အရပ်ရပ် ကောက်ခံရရှိငွေ ကျပ် ၁၈၀၇၈၄၆ ဒသမ ၉၀ သန်း (၁၈၀၇ ဘီလျံကျော်)၊ တတိယသုံးလပတ်ဖြစ်သည့် အောက်တိုဘာမှ ဒီဇင်ဘာအထိကာလအတွင်း အခွန်အရပ်ရပ် ကောက်ခံရရှိငွေ ၁၈၁၉၆၁၃ ဒသမ ၉၀ သန်း (၁၈၁၉ ဘီလျံကျော်) ဖြင့် ကိုးလအတွင်း ကျပ် ၅၃၀၁၂၁၀ ဒသမ ၃၁ သန်း (၅၃၀၁ ဘီလျံကျော်) ကောက်ခံရရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တတိယသုံးလပတ်အတွင်း အခွန်အရပ်ရပ် ကောက်ခံရရှိငွေ ကျပ် ၁၈၁၉ ဘီလျံကျော်ရှိပြီး စုစုပေါင်းအခွန်ရရှိမှု၏ ၄၆ ရာခိုင်နှုန်းနီးပါးကို ဝင်ငွေခွန်မှ ကောက်ခံရရှိခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါကာလအတွင်း ဝင်ငွေခွန်မှ ကျပ် ၈၃၁ ဒသမ ၈၇၄ ဘီလျံကျော်၊ အထူးကုန်စည်ခွန်မှ ၃၃၄ ဒသမ ၂၃၇ ဘီလျံကျော်နှင့် ကုန်သွယ်လုပ်ငန်းခွန်မှ ကျပ်၆၀၈ ဒသမ ၃၁၆ ဘီလျံကျော်စသည်ဖြင့် ကောက်ခံရရှိခဲ့ခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ် အောက်တိုဘာမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လအတွင်း ဝင် ငွေခွန်မှ ကျပ်ဘီလျံ ၁၄၂၄ ဒသမ ၆၊ ကုန်သွယ်လုပ်ငန်းခွန်မှ ကျပ်ဘီလျံ ၉၉၈ ဒသမ ၁၊ အထူးကုန်စည်ခွန်မှ ကျပ်ဘီလျံ ၅၇၄ ဒသမ ၉၊ တံဆိပ်ခေါင်းခွန်မှ ကျပ်ဘီလျံ ၅၃ ဒသမ ၁ စသည်ဖြင့် စုစုပေါင်း ကျပ်ဘီလျံ ၃၀၆၉ ကောက်ခံရရှိခြင်းဖြစ်သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အခွန်အရပ်ရပ် ကောက်ခံရရှိမှု စုစုပေါင်း ၄၇၄၅ ဒသမ ၇၃၂ ဘီလျံရရှိခဲ့ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန IRD ၏ နှစ်ပတ်လည် အစီရင်ခံစာတွင် ဖော်ပြထားသည်။

နှစ်အလိုက် ပြည်ထောင်စု၏ အခွန်ကောက်ခံရရှိမှု အခြေအနေကို လေ့လာကြည့်ပါက ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျပ် ၁၆၉၁၄၂၉ ဒသမ ၇၆၆ သန်း၊၂၀၁၂- ၂၀၁၃ ဘဏ္ဍာနှစ်၌ ကျပ် ၃၃၇၃၂၉၆ ဒသမ ၇၆၁ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ် ၄၄၅၈၇၇၆ ဒသမ ၃၅၁ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၆၅၁၇၉၇၉ ဒသမ ၃၆၈ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၆၃၁၄၇၃၃ ဒသမ ၆၅၇ သန်း၊ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်တွင် ၇၁၂၂၄၃၀ ဒသမ ၂၂၈ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၇၄၂၃၇၂၄ ဒသမ ၉၈၄ သန်း၊ ၂၀၁၈ ခုနှစ် ဧပြီမှ စက် တင်ဘာအထိ ကြားကာလခြောက်လတွင် ကျပ်၃၄၂၄၂၀၆ ဒသမ ၈၃၂ သန်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျပ် ၈၃၆၀၃၀၃ ဒသမ ၅၆၈ သန်း ရရှိခဲ့သည်။

နှစ်စဉ် ဝင်ငွေခွန်ရငွေစာရင်းအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဝင်ငွေခွန် ကျပ် ၃၃၇၉ ဘီလျံကျော်ရရှိခဲ့ပြီး ယခင်နှစ်ထက် ကျပ် ၆၈၇ ဘီလျံ ပိုမိုရရှိခဲ့ကြောင်း ပြည်တွင်းအခွန်များ ဦးစီးဌာနကို ကိုးကားပြီး ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှထုတ်ပြန်ထားသည်။

နှစ်စဉ် အထူးကုန်စည်ခွန်ရငွေ စာရင်းများအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာမှစက်တင်ဘာအထိ ကျပ် ၁၂၆၆၉၁၂ ဒသမ ၄၂ သန်း၊ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာအထိ ကျပ် ၁၄၂၉၁၂၀ ဒသမ ၇၅ သန်း၊ ၂၀၁၈ ခုနှစ် ဧ ပြီမှ စက်တင်ဘာအထိ ၆၀၄၉၂၄ ဒသမ ၂၄ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဧပြီမှ မတ်လအထိ ကျပ် ၁၂၄၀၂၁၄ ဒသမ ၁၁ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီမှ မတ်လတွင် ကျပ် ၉၉၄၂၃၅ ဒသမ ၇၃ သန်း ရရှိ ခဲ့ကြောင်း ဖော်ပြထားသည်။

နှစ်အလိုက် ကုန်သွယ်လုပ်ငန်းခွန် ရငွေစာရင်းအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီမှ မတ်လအထိ ကျပ် ၁၈၇၇၈၅၁ ဒသမ ၇၇ သန်း၊၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီမှ မတ်လအထိ ကျပ် ၁၉၇၄၆၉၉ ဒသမ ၁၃ သန်း၊ ၂၀၁၈ ခုနှစ် ဧပြီမှစက်တင်ဘာအထိ ကျပ် ၉၂၀၆၁၈ ဒသမ ၁၄ သန်း၊၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာမှစက်တင် ဘာအထိ ကျပ် ၂၂၅၆၇၇၀ ဒသမ ၂၀ သန်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာအထိ ကျပ် ၂၁၁၀၁၈၇ ဒသမ ၂၁ သန်းရရှိခဲ့ကြောင်း ပြည်တွင်းအခွန်ဦးစီးဌာနကို ကိုးကားပြီး ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ ထုတ်ပြန်ခဲ့သည်။

**Source:** https://news-eleven.com/article/248873

## ကိုရီးယား စိုက်ပျိုးမွေးမြူရေးပြပွဲတွင် တက်ရောက်လိုသည့် မြန်မာများ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ထံ လျှောက်ထားနိုင်

ကိုရီးယားသမ္မတနိုင်ငံ Smart Farm Korea မှ ကြီးမှူးကျင်းပမည့် “Smart Farm Korea 2023 (SFKOREA)” ပြပွဲတွင် မြန်မာကိုယ်စားလှယ်များအနေဖြင့် တက်ရောက်လိုပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာထားသည်။

အဆိုပါ ပြပွဲကို ကိုရီးယားသမ္မတနိုင်ငံ၏ Gyeongsangnam-do ပြည်နယ်၊ Changwon မြို့ရှိ Changwon Convention Center (CECO) ၌ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်သည်။

ယင်းပြပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်၍ Smart Farm အနေဖြင့် လိုအပ်သော နည်းပညာအမျိုးမျိုးကို မိတ်ဆက်ပေးသွားမည်ဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်နိုင်မည့် လယ်သမားများအား အကူအညီပေးရန် Smart Farm Korea 2023(SFKOREA) ကို ကျင်းပခြင်းဖြစ်ကြောင်းနှင့် ပြပွဲတွင် ကုမ္ပဏီစုစုပေါင်း(၁၀၀)ခန့်မှ ပြခန်း (၃၀၀) အား လာရောက်ခင်းကျင်းပြသမည် ဖြစ်ကာ ဧည့်သည် (၂၀,၀၀၀)ခန့် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်

ထို့အပြင် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်မည့် ကိုယ်စားလှယ်များအပြင် ဝယ်ယူလိုသူ(Buyers)များ (ဥပမာ-Smart Farming ကျွမ်းကျင်သူများ၊ ပါမောက္ခများ၊ ကုမ္ပဏီများနှင့် တီထွင်ဆန်းသစ်သည့် အတွေးအခေါ်ရှိသည့် ပုဂ္ဂိုလ်များ)ကိုလည်း ဖိတ်ကြားလိုကြောင်းနှင့် ပါဝင်တက်ရောက်မည့် ကိုယ်စားလှယ်များအတွက် အသွား၊ အပြန် လေယာဉ်လက်မှတ်နှင့် (၂)ရက်စာ တည်းခိုနေထိုင်စရိတ်တို့ကို ကျခံပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ ပူးပေါင်းဆောင်ရွက်လိုသည့် ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံလိပ်မူ၍ ၂၀၂၃ ခုနှစ်၊ မေလ ၁၆ ရက်နေ့ထက် နောက်မကျစေဘဲ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၏ E-mail: moctradefair@ gmail.com နှင့် ဖုန်း- ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ ပေးပို့ လျှောက်ထားနိုင်သည်။

**Source: Popular News Journal**

## မြန်မာချင်း(ဂျင်း) ဒါကာတွင် ဈေးခုန်တက်



https://www.foodindustrydirectory.com.mm

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြည်တွင်းထွက် ချင်း(ဂျင်း)နှင့် ကြက်သွန်နီတို့သည် ပြည်တွင်းဝယ်လိုအား၏ အများစုကို ဖြည့်ဆည်းပေးသော်လည်း ပြည်ပမှ တင်သွင်းမှုအပေါ် မှီခိုနေရဆဲဖြစ်ပြီး စားသုံးသူများ ဒုက္ခရောက်စေသည့် ဈေးနှုန်း မတည်ငြိမ်မှုကို ဖြစ်ပေါ်နေစေသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ တင်သွင်းသည့် ချင်း(ဂျင်း)သည် လက်လီဈေးကွက်တွင် တစ်ကီလိုလျှင် ၃၅၀ တာကာဖြင့် ရောင်းချနေသည်ဟု ဒါကာမြို့ရှိ လက်လီရောင်းချသူများက ပြောသည်။

ဘင်္ဂလားဒေ့ရှ်နှင့်မြန်မာနိုင်ငံမှ ထွက်ရှိသော ချင်း(ဂျင်း)များသည် ပုံပန်းသဏ္ဌာန် နီဆင်ဆင်တူသောကြောင့် ၎င်းတို့၏ ဈေးနှုန်းမှာ ကွာခြားမှုမရှိပါ။ ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေးကော်ပိုရေးရှင်း Trading Corporation of Bangladesh TCB ၏ ဈေးကွက်လေ့လာဆန်းစစ်ချက်အရ ချင်း(ဂျင်း)ဈေးနှုန်းသည် ပြီးခဲ့သည့် တစ်လအတွင်း ၈၀% နီးပါး မြင့်တက်လာခဲ့သည်။

ပြည်ပမှ တင်သွင်းသည့် မရှိမဖြစ် လိုအပ်သော ကုန်ပစ္စည်းများ၏ ဈေးနှုန်းများသည် ဒေါ်လာလဲလှယ်နှုန်းကြောင့် ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ မြင့်တက်လာသည်ဟု ကုန်သည်များကပြောသည်။ ဈေးကွက်ထဲသို့ ချင်း(ဂျင်း) ပေးသွင်းသည့်အခြေအနေ မကြာသေးမီက ပိုမိုဆိုးရွားလာရခြင်းမှာ ဘင်္ဂလားဒေ့ရှ်ကုန်သည်များသည် ၎င်းတို့၏ အဓိကရင်းမြစ်တစ်ခု ဖြစ်သော တရုတ်နိုင်ငံမှ ချင်း(ဂျင်း)ကို တင်သွင်းခြင်း မပြုသည်မှာ တစ်လကျော်ရှိနေပြီ ဖြစ်သောကြောင့် ဖြစ်သည်။ တရုတ်နိုင်ငံသည် ပြည်တွင်း ချင်း(ဂျင်း)လိုအပ်ချက်အတွက် ပြည်ပမှ တင်သွင်းနေရသည်။ တရုတ်နိုင်ငံမှ တင်သွင်းသည့် ချင်း(ဂျင်း)ဈေးနှုန်းသည် လက်လီအဆင့်တွင် တစ်ကီလိုလျှင် တာကာ ၃၇၀ အထိ ရှိသည်ဟု ကုန်သည်များက ပြောသည်။

မြန်မာနိုင်ငံမှ ချင်း(ဂျင်း)တင်သွင်းခြင်းသည် ဈေးသက်သာပြီး ခရီးနီးသဖြင့် အချိန်ကုန်သက်သာသည်။ ထို့ကြောင့် မြန်မာ ချင်း(ဂျင်း)ကို အဓိကအားထားပြီး တင်သွင်းကြသည်။

ဒါကာမြို့ရှိ Shyambazar မှ သွင်းကုန်လုပ်ငန်းရှင် Haji Md Majed က "တရုတ် ချင်း(ဂျင်း) တစ်ကီလိုကို တာကာ ၃၇၀ က ဈေးမြင့်နေတယ်။ ရောင်းဖို့ ခက်တယ်။ ဒီတော့ ချင်း(ဂျင်း)ကို မြန်မာနိုင်ငံမှ တင်သွင်း ကြတယ်။ ဒါပေမဲ့ ဒေါ်လာ အကျပ်အတည်းကြောင့် လိုသလောက် တင်သွင်းလို့ မရဘူး။ဒါ့အပြင် အိန္ဒိယနဲ့ ဗီယက်နမ်ကလည်း ချင်း(ဂျင်း)နည်းနည်းပါးပါး တင်သွင်းကြပါတယ်" ဟု ပြောသည်။ Shyambazar တွင် လက်ကားအဆင့် လက်ရှိ ချင်း(ဂျင်း)တစ်ကီလိုလျှင် တာကာ ၂၂၀-၂၄၀ ဖြင့် ရောင်းချနေကြောင်း တင်သွင်းသူများက ပြောသည်။

စစ်တကောင်းမှ Khatunganj လက်ကားဈေးရှိ CRG Trading ပိုင်ရှင် Chandan Kumar Poddar က အများအားဖြင့် ပြည်တွင်းနှင့် တရုတ် ချင်း(ဂျင်း)တို့သည် တစ်နှစ်တာလုံးနီးပါး ပြည်တွင်းဈေးကွက်ကို လွှမ်းမိုးထားကြောင်း၊ သို့သော် လက်ရှိတွင် နှစ်မျိုးစလုံး ပြတ်လပ်နေကြောင်း ပြောကြားသည်။ မြန်မာ ချင်း (ဂျင်း)နှင့်ဗီယက်နမ် ချင်း(ဂျင်း) အနည်းငယ်သာ ရှိသဖြင့် ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းရန် မလုံလောက်ချေ။ "အဓိကကတော့ ချင်း(ဂျင်း) အဝင်ပြတ်လပ်မှုကြောင့် ချင်း(ဂျင်း)ဈေးက မငြိမ်မသက်ဖြစ်နေပါတယ်။ လက်ရှိတွင် မြန်မာ ချင်း(ဂျင်း)ကို တာကာ ၂၄၀-၂၄၅ ဖြင့် ရောင်းချနေကြ ပါတယ်။ ဗီယက်နမ် ချင်း(ဂျင်း) တစ်ကီလိုလျှင် ၂၅၀-၂၆၀ တာကာ ဈေးရှိပါတယ်" ဟု ၎င်းက ပြောကြားသည်။

စစ်တကောင်းမှ တင်သွင်းသူ Junayedul Haque က ချင်း(ဂျင်း)တင်သွင်းမှု ကုန်ကျစရိတ်မှာ အလွန်မြင့်မားကြောင်း ပြောကြားခဲ့သည်။ ထို့ကြောင့် ကုန်သည်အများအပြားသည် ပြည်တွင်းဈေးကွက်တွင် ရောင်းချခြင်းဖြင့် အမြတ်အစွန်းမရနိုင်ဟု ထင်မြင်ကာ ချင်း(ဂျင်း)တင်သွင်းခြင်းမှ ရှောင်ကြဉ်ကြသည်။ သို့ဖြစ်ရာ ချင်း(ဂျင်း)အဝင်နည်းပြီး ဈေးတက်ကုန်သည်။

ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ် အစီရင်ခံစာအရ နှစ်စဉ် ချင်း(ဂျင်း)တန်ချိန် ၃.၅-၄ သိန်း လိုအပ်သည်ဟု ဆိုသည်။

စိုက်ပျိုးရေး ဦးစီးဌာန၏ ထုတ်ပြန်သည့် အချက်အလက်များအရ ချင်း(ဂျင်း)တန်ချိန် ၂ ဒသမ ၅ သိန်း ထုတ်လုပ်ခဲ့သည်။ သို့ဖြစ်ရာ လိုအပ်ချက်ကို ပြည်ပမှတင်သွင်းပြီး ဖြည့်တင်းသည်။

**Source: tbsnews**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/6249-ginger.html

## ဗီယက်နမ်သည် ၂၀၃၀ ခုနှစ်တွင် နှစ်စဉ် ဆန်တင်ပို့မှု ၄၄ ရာခိုင်နှုန်း လျှော့ချသွားမည်

အိန္ဒိယနှင့် ထိုင်းပြီးလျှင် ကမ္ဘာ့ တတိယမြောက် စပါးအတင်ပို့နိုင်ဆုံး ဗီယက်နမ်နိုင်ငံသည် ၎င်း၏ ဆန်တင်ပို့မှုကို ၂၀၃၀ ခုနှစ်တွင် တစ်နှစ်လျှင် တန်ချိန် ၄ သန်းအထိ လျှော့ချသွားရန် ရည်မှန်းထားကြောင်း၊ ပြီးခဲ့သောနှစ်တွင်လည်း ဆန်တင်ပို့မှုတန်ချိန် ၇ သန်းကျော် လျှော့ချခဲ့ကြောင်း အစိုးရကထုတ်ပြန်ခဲ့သည်။

ထိုသို့လုပ်ဆောင်မှုသည် အရည်အသွေးမြင့် ဆန်တင်ပို့မှု၊ ပြည်တွင်း စားနပ်ရိက္ခာဖူလုံမှု၊ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန်နှင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း မေလ ၂၆ ရက် နေ့စွဲဖြင့် ရိုက်တာသတင်းဌာနက သုံးသပ်ဖော်ပြထားသည်။

၂၀၃၀ တွင် ဆန်တင်ပို့မှုမှ ဝင်ငွေသည် တစ်နှစ်လျှင် ကန်ဒေါ်လာ ၂ ဒသမ ၆၂ ဘီလီယံအထိ ကျဆင်းသွားမည်ဖြစ်သည်။ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ စပါးစိုက်တောင်သူအချို့သည် ၎င်းတို့၏လယ်မြေများကို သစ်သီးခြံအဖြစ် ပြောင်းလဲလုပ်ကိုင်နေကြပြီး သရက်သီး၊ ကျွဲကောသီးနှင့် ဒူးရင်းတို့ကိုပြောင်းစိုက်လာကြသည်။ သို့သော် အများစုကမူ စပါးကိုမှီခိုနေရဆဲဖြစ်ကြောင်း ကုန်သည်တစ်ဦးက ပြောသည်။

ရာသီဥတုဖောက်ပြန်ခြင်း၊ ပင်လယ်ရေမြင့်တက်ခြင်းတို့ကြောင့် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် ဆားရည်များ သိသိသာသာ တိုးလာကာ ပုစွန်မွေးမြူခြင်းကို ပြောင်းလဲလုပ်ကိုင်နေသည်မှာ အတော်ကြာပြီဖြစ်သည်။

**Ref: NikkeiAsia Popular News Journal**

## ထိုင်းအစားအစာများအပေါ် သတ်မှတ်စံနှုန်းများ မြင့်တက်လာသဖြင့် ၁၀ ရာခိုင်နှုန်း ပိုမိုတင်ပို့နိုင်ရန် သတ်မှတ်ထား

ထိုင်းအစားအစာများကို ဝယ်လိုအားမြင့်တက်လာမှု၊ အစားအစာများ၏ အရည်အသွေး၊ လုံခြုံစိတ်ချရမှုနှင့် အဆက်မပြတ်ထုတ်လုပ်နိုင်မှုများအပေါ် ထိုင်း၏စံနှုန်း မြင့်မားလာခြင်းတို့ကြောင့် အစားအစာပို့ကုန် တင်ပို့နိုင်မှုကို ၁၀ ရာခိုင်နှုန်းထိ ရောက်ရှိရန် မျှော်မှန်းထားကြောင်း ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံတွင် မေလ ၂၃ ရက်နေ့မှ စတင်၍ ၅ ရက်ကြာ ကျင်းပသွားမည့် THAIFEX-ANUGA ASIA 2023 ၏ ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီး Mr. Jurin Laksanawisit က ယခုနှစ်အတွင်း အစားအစာ တင်ပို့နိုင်မှုမှ ထိုင်းဘတ် ၁.၅၅ ထရီလီယံ ရရှိရန်မျှော်လင့်ထားကြောင်း၊ ပြပွဲတွင် နိုင်ငံ ၁၄၀ နိုင်ငံမှကုမ္ပဏီ ၃၀၀၀ ကျော်က ပြခန်း ၆၀၀၀ ခန့် လာရောက်ပြသကြပါကြောင်း၊ ထိုင်းနိုင်ငံ၏ လယ်ယာထွက်ကုန်နှင့် သီးနှံများ၏တင်ပို့နိုင်မှုသည် သင့်တင့်သောဈေးနှုန်းများရရှိပြီး ကောင်းမွန်လာမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားခဲ့ပါသည်။

၎င်းအပြင် ယခုနှစ်အတွင်း ထိုင်းဆန်တင်ပို့မှုကို တန် ၈ သန်းထိရောက်ရှိရန် ခန့်မှန်းထားပြီး ပီလောပီနံနှင့် အခြားသော လတ်ဆတ်သီးနှံများလည်း အပါအဝင်ဖြစ်ကြောင်း၊ ပထမ ၃ လပတ်အတွင်း တင်ပို့နိုင်ခဲ့သည့်ကုန်စည်များမှာ သကြား၊ ဆန်၊ ကြက်သားနှင့် လတ်ဆတ်အသီးအနှံများဖြစ်ကြောင်း ဖြည့်စွက်ပြောကြားခဲ့ပါသည်။

ထိုင်းအစားအစာထုတ်လုပ်သည့်အသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဖြစ်သူ Mr. Visit Limlurcha က အစားအစာတင်ပို့မှုကို ၃-၅ ရာခိုင်နှုန်းတိုးတက်ရန် ပုဂ္ဂလိကကဏ္ဍမှလည်း ခန့်မှန်းထားကြောင်း၊ ယင်းခန့်မှန်းမှုများသည် ကုန်ကြမ်းရရှိမှုပေါ်တွင် မူတည်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍအနေဖြင့် မိုးခေါင်ခြင်းနှင့် ပူပြင်းလာသော ရာသီဥတုအပေါ် စိတ်ပူပန်မိကြောင်းနှင့် ရေစီမံခန့်ခွဲမှုကို ကောင်းစွာဆောင်ရွက်နိုင်မည်ဆိုပါက ခန့်မှန်းထားသည့်အတိုင်း ၁၀ ရာခိုင်နှုန်း တိုးတက်မှုရရှိနိုင်မည်ဖြစ်ကြောင်း ၎င်း၏အမြင်ကို မျှဝေခဲ့ပါသည်။

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

**Source:** www.bangkokpost.gov

https://myantrade.gov.mm/article/Naypyitawstp_290520230935

## အိန္ဒိယနိုင်ငံသည် ဘရာဇီးနိုင်ငံမှ မတ်ပဲတင်သွင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဈေးနှုန်းထိန်းသိမ်းနိုင်ရေးအတွက် အိန္ဒိယနိုင်ငံအနေဖြင့် ဘရာဇီးနိုင်ငံမှ မတ်ပဲတင်သွင်းနိုင်ရေး ဆွေးနွေးလျက်ရှိရာ ပြီးစီးလုနီးပြီဖြစ်ကြောင်း စားသုံးသူရေးရာဌာန အတွင်းဝန်ဖြစ်သူ Rohit Kumar Singh က အင်္ဂါနေ့က ပြောကြားခဲ့ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံသည် စားသုံးသူလိုအပ်ချက်နှင့် ထုတ်လုပ်နိုင်မှုကွာဟချက်အပေါ်မူတည်ပြီး နှစ်စဉ်တန်ချိန် ၇ သိန်းမှ ၇ သိန်းခွဲခန့်ကို ပြည်ပမှတင်သွင်းလျက်ရှိပါကြောင်းနှင့် တင်သွင်းမှုအားလုံး၏ ၇၄ ရာခိုင်နှုန်းခန့်မှာ မြန်မာနိုင်ငံမှ တင်သွင်းခြင်းဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေး ရာသီဥတုအခြေအနေများအရ ဘရာဇီးနိုင်ငံသည် မတ်ပဲစိုက်ပျိုးထုတ်လုပ်ရန် သင့်လျော်မှုရှိသည့်အတွက် ဘရာဇီးမှ မတ်ပဲထုတ်လုပ်တင်သွင်းရန် ဆွေးနွေးမှုများဆောင်ရွက်လျက်ရှိရာ ပြီးစီးလုနီးပြီဟု အတွင်းဝန်က သတင်းထောက်များကိုပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ယခုနှစ်တွင် မြန်မာနိုင်ငံမှ မတ်ပဲတန်ချိန် ၂ သိန်းခန့်ကို တင်သွင်းထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံကို မှီခိုနေရခြင်းမှ လျှော့ချနိုင်ရန်အတွက် အခြားမတ်ပဲထွက်ရှိသည့် နိုင်ငံများကို ရှာဖွေနေခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှ ပဲကုန်သည်များသည် ပဲများကို ပုံမှန်တိုင်းရောင်းချခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားခြင်းကြောင့် အိန္ဒိယနိုင်ငံ၏ ပြည်တွင်း ဈေးကွက်ကို သက်ရောက်မှုရှိသဖြင့် စားသုံးသူရေးရာဌာနကလည်း ယင်းကုန်သည်များကို မကြာခင်က သတိပေးထားပြီးဖြစ်သည်ဟု အတွင်းဝန်က ပြောကြားခဲ့ကြောင်းလည်း ဖော်ပြထားပါသည်။

၂၀၂၂-၂၀၂၃ မတ်ပဲထွက်ရှိမည့် ရာသီဖြစ်သည့် ဇွန်၊ ဇူလိုင်လတို့တွင် အိန္ဒိယနိုင်ငံ၏ မတ်ပဲထွက်ရှိမှုမှာ တန်ချိန် ၂.၆၈ သန်းခန့်ရှိမည်ဟု လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းထားပြီး ပြီးခဲ့သည့်နှစ်က မတ်ပဲထွက်ရှိမှုတန်ချိန် ၂.၇၇ သန်းထက် လျော့နည်းသွားမည်ဖြစ်ကြောင်းလည်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

**Source : India exploring importing urad from Brazil, The Economic Times, May 23, 2013**

**(စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP(Yangon)%2024052023%2020:%2015

## အင်ဒိုနီးရှား စားအုန်းဆီလုပ်ငန်းများ ဖြန့်ဖြူးမှု ကန့်သတ်ချုပ်ထိန်းသည့်အတွက် ဒေါ်လာ ၂.၇၈ သန်း အထိ ဒဏ်ငွေရိုက်ခံရ

အင်ဒိုနီးရှား၏ လက်ဝါးကြီးအုပ်မှု ဆန့်ကျင်ရေးအေဂျင်စီ (KPPU) သည် ဟင်းချက်ဆီ ကုမ္ပဏီခုနစ်ခုကို ယမန်နှစ်က စားအုန်းဆီ ဖြန့်ဖြူးခြင်း ကန့်သတ်ချုပ်ထိန်းသည့်အတွက် ဒဏ်ငွေပေးဆောင်ရန် မေ ၂၆ ရက်တွင် စီရင်ချက်ချခဲ့သည်။

KPPU သည် ဟင်းချက်ဆီဈေးနှုန်းများ မြင့်တက်လာပြီးနောက် ကုမ္ပဏီများ၏ လုပ်ဆောင်မှုများအား စုံစမ်းစစ်ဆေးမှု ပြီးခဲ့သည့်နှစ်က ဆောင်ရွက်ခဲ့သည်။

ကုမ္ပဏီ ၂၇ ခုအနက် ၇ ခုသည် ဖြန့်ဖြူးသည့်ပမာဏ ချုပ်ထိန်းခဲ့ကြကြောင်း တွေ့ရှိခဲ့သည်။ ကုမ္ပဏီ ၇ ခုတွင် အင်ဒိုနီးရှား နိုင်ငံ၏ အကြီးဆုံး စားသောက်ကုန်ကုမ္ပဏီ Indofood Group မှ Salim Ivomas Pratama ၊ သီလဝါရှိ စားအုန်းဆီလုပ်ငန်း၏

မိခင်လုပ်ငန်း Wilmar Group ၏ လုပ်ငန်းခွဲ ၂ ခုတို့ ပါဝင်သည်။

ကုမ္ပဏီ ၇ ခုကို ဒဏ်ငွေ ရူပီယာ ၁ ဘီလီယံမှ ၄၀.၉ ဘီလီယံ (ကန်ဒေါ်လာ ၆၈,၀၅၀ မှ ၂.၇၈ သန်း) အထိ ပေးဆောင်စေသည်။ ၎င်းကုမ္ပဏီ ၇ ခုစလုံးကို ဈေးကစားသည့် အမှုဖြင့်လည်း တရားစွဲဆိုထားရာ ၎င်းအမှုမှ ကွင်းလုံးကျွတ် လွှတ်ပေးသည်။ အင်ဒိုနီးရှားသည် ကမ္ဘာပေါ်တွင် စားအုန်းဆီအများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်သည်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6242-cooking-oil-firms.html

## STOCK EXCHANGE (29.5.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 29th May, 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,500 (Shares) | 6,299,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | -100 | -1.22% | 8,100 | 8,100 | 8,100 | 450 | 3,645,000 | 33,109,694 | 268,189 |
| MTSH | 00002 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 509 | 1,501,550 | 38,929,150 | 114,841 |
| MCB | 00003 | 7,400 | +100 | +1.37% | 7,400 | 7,400 | 7,400 | 25 | 185,000 | 10,400,986 | 76,967 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,400 | 1,450 | 1,400 | 355 | 513,550 | 29,664,613 | 43,014 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 0 | 0 | 12,823,224 | 30,776 |
| EFR | 00006 | 2,500 | +0 | +0.00% | 2,500 | 2,550 | 2,500 | 141 | 354,400 | 19,977,223 | 49,943 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 20 | 100,000 | 10,497,598 | 52,488 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 29th May, 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 361.06 | -1.29 | -0.36% | 359.63 | 361.63 | 359.63 | 1,500 | 6,299,500 | 7 | 636,218 |

**Index chart**



# Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 29th May, 2023

| Trading Volume | Trading Value |
|---|---|
| 34,500 (Shares) | 260,234,500 (MMK) |

## Main Board

As of 1:00 pm, 29th May, 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 34,500 (Shares) | 260,234,500 (MMK) |

| MYANPIX | 361.06 ▼ 1.29 |
|---|---|
| Total Volume (shares) | 1,500 |
| Total Value (MMK) | 6 mil |
| Listed Company | 7 |
| Market Cap. (MMK) | 636,218 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▼ 100 |
| MTSH | 00002 | 2,950 | ▲ 0 |
| MCB | 00003 | 7,400 | ▲ 100 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,500 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |

TIR